**လျှပ်စစ်သုံးမော်တော်ယာဉ်များ ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (Dry Port – KM၊ RG) နှင့် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) သို့ ရောက်ရှိ**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့်ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် တရုတ်နိုင်ငံထုတ် Super Seven Stars Motors Industry Co., Ltd မှ တင်သွင်းလာသော ကိုရီးယားနိုင်ငံထုတ် Brand New Compact Crossover SUV (LHD)၊ Brand Name: KIA EV-6၊ 2024 Mdl - (2) U သည် ၃-၁-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ Win Motor Myanmar Co., Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Brand New Wagon (LHD)၊ Brand Name: FAW Volkswagen၊ 2023 Mdl - (8) U သည် ၁၂-၃-၂၀၂၄ ရက်နေ့တွင် လည်းကောင်း၊ Brand New Wagon (LHD)၊ Brand Name: FAW AUDI၊ 2023 Mdl - (9) U တို့သည် ၃-၃-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ Asia Pacific Automaker Corporation Co., Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Brand New Wagon (LHD)၊ Brand Name: Dongfeng Nissan၊ 2024Mdl - (18) U သည် ၁၉-၄-၂၀၂၄ ရက်နေ့တွင်လည်းကောင်း ရွာသာကြီး ကုန်းတွင်းဆိပ်ကမ်း (Dry Port–KM) သို့ အသီးသီးရောက်ရှိခဲ့ပါသည်။ Premier Automotive Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Brand New WAGON (LHD)၊ Brand Name: ZEEKR X၊ 2024 Mdl - (29) U သည် ၂၇-၂-၂၀၂၄ ရက်နေ့တွင် ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (Dry Port – RG) သို့ရောက်ရှိခဲ့ပါသည်။ Aung Gabar Motor Services Co.,Ltd မှ တင်သွင်း လာသော တရုတ်နိုင်ငံထုတ် Brand New Wagon (LHD)၊ Brand Name: BAIC ARCFOX Alpha T5၊ 2024 Mdl - (15) U သည် ၂၆-၆-၂၀၂၄ ရက်နေ့တွင်လည်းကောင်း၊ Myanmar Construction & Development Infrastructure Co.,Ltd မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် Brand New Wagon (LHD)၊ Brand Name: Volkswagen ID-4၊ 2023 Mdl - (3) U သည်လည်းကောင်း၊ Brand New Wagon (LHD) ၊ Brand Name: Volkswagen ID-6 ၊ 2023 Mdl - (5) U သည်လည်းကောင်း၊ Brand New Wagon (LHD)၊ Brand Name: Volkswagen ID-7၊ 2023 Mdl - (4) U သည် လည်းကောင်း ၁၀-၇-၂၀၂၄ ရက်နေ့တွင် အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) သို့ အသီးသီး ရောက်ရှိခဲ့ပါသည်။ ၎င်းလျှပ်စစ်သုံးမော်တော်ယာဉ် (၃၇) စီးအား ရွာသာကြီးကုန်းတွင်း ဆိပ်ကမ်း (Dry Port – KM) ၌လည်းကောင်း၊ လျှပ်စစ်သုံးမော်တော်ယာဉ် (၂၉) စီးအား ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (Dry Port – RG) ၌လည်းကောင်း၊ လျှပ်စစ်သုံးမော်တော်ယာဉ် (၂၇) စီးအား အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) ၌လည်းကောင်း၊ စုစုပေါင်း လျှပ်စစ်သုံးမော်တော် ယာဉ် (၉၃) စီးအား ၁၇-၇-၂၀၂၄ ရက်နေ့တွင် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ဖြင့် စစ်ဆေးခဲ့ပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ စိစစ်ထုတ်ယူခွင့်ပြုခဲ့ပါကြောင်း၊ အဆိုပါ တင်သွင်းမှုများအတွက် အခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိပါသည်။

## ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRY PORT – KM) သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ





**ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRY PORT – KM) သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ စစ်ဆေးမှတ်တမ်းဓာတ်ပုံ**





## ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRY PORT – RG) သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ





## ရွာသာကြီးကုန်းတွင်းဆိပ်ကမ်း (DRY PORT – RG) သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ စစ်ဆေးမှတ်တမ်းဓာတ်ပုံ





## အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ





## အေးရှားဝေါလ်ဆိပ်ကမ်း (AWPT) သို့ တင်သွင်းလာသော လျှပ်စစ်သုံးမော်တော်ယာဉ်များ စစ်ဆေးမှတ်တမ်းဓာတ်ပုံ



